FNILife
Assuring Peace of Mind, the Essence of Life

FIRST NATIONAL INSURANCE (LIFE) CO., LTD

Address
Building A/9, Than Thu Mar Road,
(24) Quarter,Thingangyun Township,
Yangon, Myanmar 11071

Tel : 01-570521, 01-570998
Call Center : 01-9010900
Fax : 01-570298
E-mail : customerservices@fnilife.com

# ကိုယ်အင်္ဂါထိခိုက်မှုအာမခံ ပေါ်လစီ စည်းမျဉ်းများ

၁။ အောက်ပါအဖြစ်အပျက်များနှင့်အကြောင်းအရာများ၊ အကျိုးဆက်များကြောင့် ဖြစ်ပေါ်သည့်သေဆုံးခြင်း ၊ မသန်စွမ်းခြင်း နှင့် ဒဏ်ရာရခြင်း စသည်များမှာ ကိုယ်အင်္ဂါထိခိုက်မှုအာမခံတွင် အကျုံးမဝင်ပါ။

(က) ကြိုတင်ကြံရွယ်ချက်ဖြင့် မိမိကိုယ်ကို ဒဏ်ရာအနာတရဖြစ်စေခြင်း၊ မသန်စွမ်းဖြစ်စေခြင်းနှင့် သေဆုံးစေခြင်း။

(ခ) မူးယစ်စေတတ်သော ဆေးဝါးသုံးစွဲထားစဉ် (သို့) သုံးစွဲခြင်းကြောင့် ဒဏ်ရာအနာတရဖြစ်ခြင်း၊ မသန်စွမ်းဖြစ်ခြင်း နှင့် သေဆုံးခြင်း။

(ဂ) ရောဂါကြောင့်သေဆုံးခြင်း၊ မသန်စွမ်းဖြစ်ခြင်း ။

(ဃ) စစ်ဖြစ်ပွားခြင်း (စစ်ကြေငြာသည်ဖြစ်စေ၊ မကြေငြာသည်ဖြစ်စေ) ၊ စစ်အသွင်တိုက်ခိုက်ခြင်း၊ ပြည်တွင်းစစ်၊ ပုန်ကန်ခြင်း၊ အဓိကရုဏ်း၊ စစ်တပ် (သို့) လူထုအုံကြွခြင်း၊ သောင်းကျန်းခြင်း၊ သူပုန်ထခြင်း၊ တော်လှန်ရေး၊ စစ်တပ်အာဏာသိမ်းခြင်း၊ စစ်အမိန့်ထုတ်ပြန်ခြင်း (သို့) သိမ်းပိုက်ထားခြင်း၊ ပြည်တွင်းဆူပူသောင်းကျန်းခြင်း၊ ၎င်းတို့ကို ဖြစ်ပေါ်စေသောအကြောင်းအရင်းများ (သို့) ၎င်းတို့၏ အကျိုးဆက်များကြောင့်ဒဏ်ရာရခြင်း၊ မသန်စွမ်းဖြစ်ခြင်းနှင့်သေဆုံးခြင်း။

(င) ရာဇဝတ်မှု ကျူးလွန်ရာမှ ဒဏ်ရာအနာတရဖြစ်ခြင်း၊ မသန်စွမ်းဖြစ်ခြင်းနှင့် သေဆုံးခြင်း။

(စ) သူတစ်ပါး၏ လက်ချက်ကြောင့်ဖြစ်စေ၊ သူတစ်ပါး၏ ကြိုးပမ်းအားထုတ်မှုကြောင့်ဖြစ်စေ၊ ယင်းနှင့် စပ်လျဉ်း၍ ဖြစ်စေ ဒဏ်ရာရခြင်း၊ မသန်စွမ်းဖြစ်ခြင်း နှင့် သေဆုံးခြင်း။

၂။ မတော်တဆထိခိုက်မှုဖြစ်ပွားပြီးနောက် (၃)လ ကျော်လွန်ပြီး (၄)လမတိုင်မီဖြစ်ပေါ်သော ဒဏ်ရာရခြင်း၊ မသန်စွမ်းဖြစ်ခြင်း နှင့် သေဆုံးခြင်းများမှာ အဆိုပါမတော်တဆဖြစ်ပွားမှုကြောင့်ဖြစ်ကြောင်း ခိုင်လုံစွာသက်သေပြနိုင်မှသာ ၎င်းတို့သည်ဤအာမခံ၌ အကျုံးဝင်မည် ဖြစ်သည်။

၃။ အကျိုးခံစားခွင့်တောင်းခံမည့် အဖြစ်အပျက်တစ်စုံတစ်ရာ ဖြစ်ပေါ်ပါက အချက်အလက်အပြည့်အစုံနှင့်တကွ ဤကုမ္ပဏီသို့ (၁၄) ရက်အတွင်း အကြောင်းကြားရမည်။ သတ်မှတ်ထားသော တောင်းခံလွှာဖြင့် လိုအပ်သော အထောက်အထားများ ပူးတွဲ၍ တောင်းခံရမည်။

၄။ ဒဏ်ရာရခြင်း၊ မသန်စွမ်းဖြစ်ခြင်း နှင့် သေဆုံးခြင်းများအတွက် ကုမ္ပဏီ၏ဆရာဝန်များက အလောင်းကိုခွဲစိတ်စစ်ဆေးခြင်း (Post-mortem Examination) အပါအဝင် လိုအပ်သလိုစစ်ဆေးမည်။

၅။ ဤကုမ္ပဏီက ဤအာမခံကို ဖျက်သိမ်းခဲ့လျှင် တည်မြဲခဲ့သော ကာလအတွက် အချိုးကျရက်တွက် ပရီမီယံနှုန်း (Pro rata) နှင့် တွက်ချက် ၍ ပိုငွေပြန်အမ်းမည်။

၆။ ပေါ်လစီတစ်စောင်အတွက် အများဆုံးရနိုင်သော အကျိုးခံစားခွင့်စုစုပေါင်းမှာ အာမခံထားငွေဖြစ်သည်။

၇။ မသန်စွမ်းဖြစ်ခြင်းအတွက် အကျိုးခံစားခွင့်ကို အခြားအကျိုးခံစားခွင့် နှင့် ပူးတွဲခံစားခွင့်မရှိ။

၈။ အကျိုးခံစားခွင့်ပေးလျော်ခြင်းနှင့် စပ်လျဉ်း၍ အာမခံထားသူ / အကျိုးခံစားခွင့်ရှိသူနှင့် အာမခံလက်ခံသူတို့ သဘောထားကွဲပြားခြားနားမှုပေါ်ပေါက်ခဲ့လျှင် တစ်ခြားကိစ္စများမပါဝင်ဘဲ ယင်းခြားနားမှုတစ်ခုတည်းအတွက်သာ သဘောထားမတိုက်ဆိုင်သူ (၂)ဦးက စာဖြင့်ရေးသားခန့်အပ်သော အနည်ညာတခုံလူကြီး၏ ဆုံးဖြတ်ချက်ကိုနာခံရမည်။ (သို့မဟုတ်) ၎င်းတို့ (၂) ဦးက ခုံလူကြီးတစ်ဦးတည်း ခန့်အပ်ခြင်းကို သဘောမတူလျှင်ဆုံးဖြတ်ရမည့်ကိစ္စနှင့် လုံးဝမသက်ဆိုင်သည့် ခုံလူကြီး (၂)ဦး၏ ဆုံးဖြတ်ချက်ကို နာခံရမည်။ အခြားတစ်ဦးက ခုံလူကြီးခန့်ထားရန် စာရေးအကြောင်းကြားလာလျှင် ကျန်တစ်ဦးကမိမိ၏ခုံလူကြီးအား ပြက္ခဒိန် (၂)လ အတွင်းခန့်ထားရမည်။ သဘောထားမတိုက်ဆိုင်သူ တစ်ဦးဦးသည် မိမိ၏ခုံလူကြီးအား ခန့်ထားရန် နို့တစ်စာကို လက်ခံရရှိ

**FIRST NATIONAL INSURANCE (LIFE) CO., LTD**

FNILife
Assuring Peace of Mind, the Essence of Life

**Address**
Building A/9, Than Thu Mar Road,
(24) Quarter,Thingangyun Township,
Yangon, Myanmar 11071

**Tel** : 01-570521, 01-570998
**Call Center** : 01-9010900
**Fax** : 01-570298
**E-mail** : customerservices@fnilife.com

ပြီးနောက် ပြက္ခဒိန်(၂)လအတွင်း မိမိ၏ခံလူကြီးအားခန့်ထားရန် ငြင်းဆန်လျှင်သော်လည်းကောင်း၊ ပျက်ကွက်လျှင်သော်လည်းကောင်း၊ ကျန်သဘောထားမတိုက်ဆိုင်သူက တစ်ဦးတည်းသော ခံလူကြီးကို ခန့်ထားပိုင်ခွင့် ရှိသည်။ ခံလူကြီး (၂)ဦးအတွင်း သဘောထားကွဲလွဲလျှင် ဆုံးဖြတ်ရန်ကိစ္စကိုမဆောင်ရွက်မီကပင် ၎င်းတို့(၂) ဦးစလုံးက ကြိုတင်စာရေးခန့်ထားသော ဒိုင်လူကြီး၏ ဆုံးဖြတ်ချက်ကို နာခံရမည်။ ဒိုင်လူကြီးသည် ခံလူကြီးများနှင့် အတူတကွရုံးထိုင်ကာ ၎င်းတို့ဆွေးနွေးညှိနှိုင်းခြင်းအပေါ်တွင်သဘာပတိမှုရမည်။ သဘောထားမတိုက်ဆိုင်သူ တစ်ဦးဦးသေဆုံးခြင်းကြောင့်ခံလူကြီး၊ ခံလူကြီးများ(သို့မဟုတ်) ဒိုင်လူကြီး၏ အာဏာနှင့် လုပ်ပိုင်ခွင့် အသီးသီးကို မထိခိုက်၊ မပျက်ပြယ်စေရ။ ခံလူကြီးတစ်ဦး (သို့) ဒိုင်လူကြီး သေဆုံးလျှင် ၎င်းအား ခန့်အပ်ခဲ့သော သဘောထားမတိုက်ဆိုင်သူက လည်းကောင်း၊ ခံလူကြီးများကလည်းကောင်း၊ (ဖြစ်ပေါ်သည့်အတိုင်း) သေဆုံးသူအစား အခြားတစ်ဦးဦးအား အစားထိုးခန့်ထားရမည်။ ဆုံးဖြတ်ရန် ဆောင်ရွက်ခြင်းနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်း တို့အတွက် ကျသင့်စရိတ်စကမှာ ယင်းဆုံးဖြတ်ချက်ကို ချမှတ်သည့် ခံလူကြီး၊ ခံလူကြီးများ၊ (သို့မဟုတ်) ဒိုင်လူကြီးက သတ်မှတ်သည့်အတိုင်း ဖြစ်သည်။ အကျိုးခံစားခွင့် ပေးလျော်ခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားပါက ခံလူကြီး၊ ခံလူကြီးများ၊ (သို့မဟုတ်) ဒိုင်လူကြီး၏ဆုံးဖြတ်ချက်ကို ဦးစွာရရှိပြီးမှသာ ဤပေါ်လစီနှင့်အညီ မည်သည့်ဥပဒေကြောင်းအရ ဆောင်ရွက်ခြင်း သို့မဟုတ် တရားစွဲဆိုခြင်းကိုမဆို ပြုလုပ်နိုင်ခွင့်ရှိသည်။ ထိုကဲ့သို့ တရားဥပဒေစွဲဆိုခြင်းကို ဆုံးဖြတ်ချက်ရရှိပြီးနောက် (၁၂) လအတွင်း မဆောင်ရွက်လျှင် အကျိုးခံစားခွင့်တောင်းခံခြင်းကို လုံးဝစွန့်လွှတ်လိုက်ပြီဟုယူဆရမည်ဖြစ်ကာ မည်သည့်အကျိုးခံစားခွင့်ကိုမှ မရရှိနိုင်တော့ပါ။

၉။ အဆိုလွှာတွင် ဖြည့်စွက်ချက်များ/ အဖြေစသည်များ တိကျမှန်ကန်ခြင်းနှင့် ပေါ်လစီစည်းမျဉ်းများကို လိုက်နာ ဆောင်ရွက်ခြင်းမှာ အကျိုးခံစားခွင့်ပေးချေခြင်းအတွက် အဓိကလိုအပ်ချက်များဖြစ်သည်။

မှတ်ချက် ။ ။ အကျိုးခံစားခွင့်လွှဲပြောင်းခံရသူမှာ အရွယ်မရောက်သေးသူဖြစ်လျှင် မိဘအရင်း သို့မဟုတ် တရားဝင်အုပ်ထိန်းခွင့်ရရှိသူသို့ ထုတ်ပေးမည်။ အကျိုးခံစားခွင့်လွှဲပြောင်းခြင်းခံရသူမှာ အာမခံထားသူထက်စော၍ကွယ်လွန်ခဲ့ပြီးအကျိုးခံစားခွင့်ကို ထပ်မံမပြင်ဆင်၊ မပြောင်းလွှဲရသေးမီ အာမခံထားသူကွယ်လွန်လျှင် အောက်ပါ အစီအစဉ်အတိုင်း အကျိုးခံစားခွင့်ထုတ်ပေးမည်။

အာမခံထားသူ၏
၁။ ခင်ပွန်း (သို့မဟုတ်) ဇနီး
၂။ သား/သမီး
၃။ မြေး
၄။ ညီအစ်ကိုမောင်နှမ
၅။ မိဘ

— အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေပုဒ်မ (12)